
# ACC Against COVID-19




အစီအစဉ် (၅၁)

## “လုပ်ငန်းလုပ်ဆောင် အဂတိရှောင်”

တင်ပြသူ

ဦးကြည်သိန်းဇော်(ပညာရေး)

COVID-19ရောဂါသည် နိုင်ငံတစ်နိုင်ငံတည်း
အတွက်သာ အန္တရာယ်ပေးသည် မဟုတ်ဘဲ
တစ်ကမ္ဘာလုံးကို ခြောက်လှန့်နေသော
ကပ်ရောဂါတစ်မျိုး ဖြစ်ပေသည်။
နိုင်ငံတိုင်းက တာဝန်ရှိသူများသည် ရောဂါ
ထိန်းချုပ်နိုင်ရန်အတွက် နည်းမျိုးစုံဖြင့်
တားဆီးကာကွယ်နေကြပြီး
မိမိတို့နိုင်ငံတွင်လည်း ကပ်ရောဂါကို
ထိန်းချုပ်နိုင်ရန် နိုင်ငံတော်အစိုးရမှ
အလေးဂရုပြု ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်ကိုသာ
အားကိုးပုံချ၍ မရနိုင်သည်ဖြစ်ရာ
ပြည်သူတစ်ရပ်လုံးက စွမ်းနိုင်သမျှ
ပူးပေါင်းပါဝင်ရန် လိုအပ်ပေသည်။
နိုင်ငံတော်က ကိုဗစ်ကာလတွင်
အများပြည်သူတို့ နေထိုင်စားသောက်ရေး
အဆင်ပြေကြစေရန်အတွက်
စားနပ်ရိက္ခာနှင့် ထောက်ပံ့ကြေးငွေများကို
ဆင်းရဲနွမ်းပါးသူများသို့
ဖြန့်ဝေပေးလျက် ရှိပေသည်။





နိုင်ငံတကာမှ အလှူရှင်များ၊ အဖွဲ့အစည်းများမှလည်း
ဆေးပစ္စည်းများ၊ငွေကြေးနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ
ပေးနေသည်ကို တွေ့ရပါသည်။

ထိုသို့ အကူအညီ အထောက်အပံ့ပေးအပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေး ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရသည် ဖြစ်၍ တာဝန်ရှိသူများအနေဖြင့် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်နှင့် အဂတိ ကင်းကင်း ဆောင်ရွက်နိုင်ရန် အထူးလိုအပ် လှပါသည်။



အချို့သော နိုင်ငံများတွင် အကူအညီပေးရေး အစီအစဉ်များနှင့် ကူညီထောက်ပံ့သည့် ပစ္စည်းများအား စီမံဆောင်ရွက်ရသည့် အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုများ ပေါ်ပေါက်နေသည်ဟု ကြားသိရပါသည်။ ထိုအဖြစ်မျိုး အမှန်တကယ် မပေါ်ပေါက်အောင် စောင့်ထိန်းကြရမည် ဖြစ်သည်။



ပြည်သူလူထုကို စာနာထောက်ထား၍
ပေးအပ်သောကူညီမှုဖြစ်သည့်အတွက်
၎င်းအပေါ်မှ မည်သည့်အခွင့်အရေးမျှ
အမြတ်မထုတ်ဘဲ လူထုထံသို့
အမြန်ရောက်အောင်
ကူညီဆောင်ရွက်ကြရမည်ဖြစ်သည်။






ထို့အပြင် ပုဂ္ဂလိကအလှူရှင်များက
လည်းကောင်း၊ အဖွဲ့အစည်းအသီးသီးက
လည်းကောင်း ငွေကြေးနှင့် ပစ္စည်း
လှူဒါန်းမှုများ ပြုလုပ်လျှက်ရှိရာ
တာဝန်ယူဆောင်ရွက်ရသူများသည်
မသမာသောနည်းလမ်းများဖြင့်
ကိုယ်ကျိုးရယူမှုများကို ရှောင်ကြဉ်၍
စေတနာသန့်သန့်ဖြင့် တာဝန်ယူ
ကူညီပေးကြရန် အထူးလိုအပ်လှပါသည်။



ထိုကဲ့သို့သော လှူဒါန်းမှု အတွက်လည်း
စည်းကမ်းနည်းလမ်းနှင့်အညီ
လှူဒါန်းသည့် နေရာဌာနအရောက်
မှန်မှန်နှင့် မြန်မြန်
ရောက်ရှိနိုင်အောင် ဆောင်ရွက်ကြရမည်
ဖြစ်ပါသည်။

Accountability
&
Discipline

သို့မှသာ COVID-19
ကာကွယ်ထိန်းချုပ်ကုသရေး အတွက်လည်း
ထိရောက်ပြီး ပြည်သူများကလည်း
လက်တွေ့အကျိုးရှိကာ နိုင်ငံတော်၏
မျက်နှာလည်း လှပမည်ဖြစ်သည်။









ကြီးမားပြင်းထန်လှသည့် ကပ်ရောဂါကို ရင်ဆိုင်ဖြေရှင်းရာတွင် စည်းကမ်းရှိရှိ
နည်းလမ်းသိသိနှင့်အဂတိကင်းစွာ ဆောင်ရွက်ခြင်းသည် အလွန်တစ်ရာကြီးမြတ်သော ကုသိုလ်ဟု
ဆိုနိုင်လောက်ပါသည်။ သို့ဖြစ်၍ လက်ရှိတွေ့ကြုံနေရသော ကိုဗစ်အရေးတွင် မည့်သည့်အရာ၊
မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ စေတနာကောင်းကောင်း၊ နှလုံးလှလှဖြင့်
အဂတိကင်းစင်စွာ ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒဆုမွန်ပြုလိုက်ရပါသတည်း။